ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
စီမံကိန်း ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မေလ ၅ ရက်

## အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင် မတရားသဖြင့် ရယူထားသော နိုင်ငံတော်ပိုင် မြေနှင့်အဆောက်အအုံ၏ ဘဏ္ဍာရေးဆိုင်ရာ ပိုင်ဆိုင်ခွင့်အား အများပြည်သူကြိုတင်ဝယ်ယူနိုင်ရန် စတင်ရောင်းချတော့မည် ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ အာဏာရှင် အဆုံးသတ်နိဂုံး (The End of Dictatorship–EOD) အစီအစဉ်၏ ကနဦးခြေလှမ်း အဖြစ် အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင် မတရားသဖြင့် ရယူထားသော နိုင်ငံတော်ပိုင် ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ ခြံအမှတ် (၁၄)ရှိ မြေနှင့်အဆောက်အအုံကို ကြိုတင် ရောင်းချနိုင်ရေးအတွက် ပြည်သူ့ဆန္ဒကောက်ယူမှု စစ်တမ်းတစ်ခု ပြုလုပ်ခဲ့ပါသည်။

၂။ စစ်တမ်းကောက်ယူမှု (၆) ရက်တာကာလအတွင်း စုစုပေါင်း ဆန္ဒပြုသူ တစ်သောင်းရှစ်ထောင် ကျော်၏ ၉၇% ကျော်က ဝယ်ယူမည်ဟု ဆန္ဒပြုခဲ့ကြပြီး ဝယ်ယူရန် အဆိုပြုပမာဏ စုစုပေါင်းမှာ ငွေကျပ် ၃၄ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၇ သန်း) ခန့် ရှိပါသည်။

၃။ အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင် မတရားသဖြင့်ရယူထားသော အဆိုပါ နိုင်ငံတော်ပိုင် မြေမှာ ၁.၈၆ ဧက ကျယ်ဝန်းပြီး ကာလပေါက်ဈေးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော် တန်ကြေး ရှိပါသည်။

၄။ ယခုရောင်းချသည့်အခါ ကာလတန်ကြေး၏ ၃ ပုံ ၁ ပုံ၊ အမေရိကန်ဒေါ်လာ ၁၀ သန်းသာ တန်ဘိုးဖြတ်၍ အစုရှယ်ယာ တစ်သိန်းတိတိ ရောင်းချသွားမည်ဖြစ်ပြီး ရှယ်ယာတစ်စုလျှင် အမေရိကန် ဒေါ်လာ ၁၀၀ သတ်မှတ် ထားပါသည်။

၅။ ကမ္ဘာတလွှားရှိ ဆက်သွယ်ဝယ်ယူရရှိနိုင်မည့် ကိုယ်စားလှယ်အမည်စာရင်းနှင့် စတင်ရောင်းချ မည့်အချိန်ကို သီးခြားထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး မိမိတို့နှင့် အဆင်ပြေနီးစပ်သည့် နိုင်ငံတကာ ကိုယ်စားလှယ်များထံ ချိတ်ဆက်၍ ဝယ်ယူရရှိနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

၆။ ဤရောင်းချမှုသည် အမျိုးသားညီညွတ်ရေးအစိုးရ၏ ၂၄-၀၂-၂၀၂၂ ရက်စွဲဖြင့် ထုတ်ပြန်ထား သည့် "အကြမ်းဖက်စစ်ကောင်စီက သိမ်းယူထားသော တပ်ပိုင်မြေဆိုင်ရာ အခြေခံမူများ" အပိုဒ် ၄ နှင့် အပိုဒ် ၅ အရ စီမံဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၇။ အာဏာရှင်အဆုံးသတ်နိဂုံးအတွက် မဆုတ်မနစ်သော ဇွဲလုံ့လ၊ ခိုင်မာပြတ်သားသော သန္နိဋ္ဌာန် ဖြင့် ပူးပေါင်းပါဝင် ဝယ်ယူကြသူအားလုံးကို လေးစားဂုဏ်ပြု ဦးညွတ်အပ်ပါသည်။

တင်ထွန်းနိုင်
ပြည်ထောင်စုဝန်ကြီး